# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

August 16, 2019 Volume 22, Number 11


၁၆.၈.၂၀၁၉

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၅၁၉ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၂၃၃၀၀၀/ကျပ် |
| ဒေါ်လာဈေး | = ၁၅၂၀/ကျပ် |
| CBM Rate | = ၁၅၂၁.၂/ကျပ် |
| ယူရို တစ်ယူရို | = ၁၆၈၆.၁ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၀၉၆.၂ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၈၄၈.၀ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၄၃၀.၈ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၃၂.၁ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၁၆.၀၇ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၃၇၁ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၅.၆၇ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၃.၇၉ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၉.၂၃၈ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com


## ပြည်တွင်းရှိရေထွက်ကုန် ၂၅ ရုံက ထုတ်လုပ်သော ထုတ်ကုန်များကို (EU) သို့ တရားဝင်တင်ပို့ခွင့်ရရှိထားပြီဖြစ်

ပြည်တွင်းရှိရေထွက်ကုန် ထုတ်လုပ်သည့် စက်ရုံ ၂၅ ရုံက ထုတ်လုပ်သော ထုတ်ကုန်များကို ဥရောပသမဂ္ဂ (EU) သို့ တရားဝင်တင်ပို့ခွင့်ရရှိထားပြီဖြစ်ကြောင်း ငါးလုပ်ငန်းဦးစီးဌာနထံမှသိရသည်။ ပြီးခဲ့သည့်ဇူလိုင်လလယ်ပိုင်းက ထိုသို့ တင်ပို့ခွင့်ရရှိခဲ့ခြင်းဖြစ်ကာ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများက သတ်မှတ်ထားသော စည်းကမ်းချက်များနှင့် ညီ၊ မညီ လာရောက်စစ်ဆေးပြီးမှသာတင်ပို့ခွင့်ပြုခြင်းဖြစ်ကြောင်း သိရသည်။ တင်ပို့ခွင့်ရပြီးရင်လည်း ခြောက်လကျော်ကြာမြင့်တဲ့အထိ တင်ပို့ရေးပိုင်းတွေကို မလုပ်နိုင်ဘူးဆိုရင်တော့ ထုတ်ပယ်ခံရမှာဖြစ်ပါတယ်။ ဇွန်လပိုင်းမှာ တင်ပို့ခွင့်ရတဲ့စက်ရုံ ၂၃ ရုံသာရှိခဲ့ပေမယ့် အခုချိန်မှာတော့ ရန်ကုန်နဲ့ သံတွဲမှာရှိတဲ့ စက်ရုံနှစ်ရုံပါ ထပ်တိုးလာလို့ စုစုပေါင်း ၂၅ရုံဖြစ်သွားတယ်ဟု ငါးလုပ်ငန်းဦးစီးဌာန၊ ပြည်ပပို့ကုန်အရည်အသွေးစစ်ဆေးရေးဌာနစု ဒုတိယညွှန်ကြားရေးမှူး ဦးသက်နိုင်ကပြောသည်။ ဥရောပသမဂ္ဂနိုင်ငံများသို့ မြန်မာ့ရေထွက်ကုန်ပစ္စည်းများ တင်ပို့ရာတွင် အခွင့်အလမ်းများစွာရရှိထားသော်လည်း ဈေးကွက်နှင့်ကိုက်ညီသောငါးများ ထုတ်လုပ်မှုနည်းပါးခြင်း၊ လိုအပ်ချက်အမီ ထုတ်လုပ်ပေးနိုင်ခြင်းမရှိသေးသောကြောင့် လုပ်ငန်းပိုင်းတွင် အခက်အခဲများစွာရှိလာနိုင်ကြောင်း မွေးမြူရေးလုပ်ငန်းရှင်များကပြောသည်။ သူတို့နိုင်ငံမှာ လိုချင်တာက တီလားပီးယားတို့၊ ဘနားမီးတို့ဆိုပေမယ့် ကျွန်တော်တို့နိုင်ငံက မပို့နိုင်သေးပါဘူး။ ကကတစ် မွေးမြူထုတ်လုပ်မှုအပိုင်းမှာဆိုလည်း လိုအပ်နေသေးတယ်။ သူတို့လိုချင်တဲ့ကုန်ကို ကိုယ့်ဘက်က ရအောင်မွေးနိုင်မှ လုပ်ငန်းတွေတိုးတက်မှာလေ။ အခုထုတ်လုပ်နေတာတွေက အီးယူဈေးကွက်ရဲ့ လိုချင်တဲ့ကုန်ပစ္စည်းမဟုတ်ဘဲ လွဲနေတာကြောင့် သိပ်ပြီးမပို့နိုင်သေးဘူးဟု မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်ကပြောသည်။

ယခင်က ပြည်တွင်း၌ မွေးမြူထုတ်လုပ်သည့်ငါးများ အီးယူနိုင်ငံများသို့ တင်ပို့ခွင့်မရှိသောကြောင့် သက်ဆိုင်ရာဌာနများ၏ ညှိနှိုင်းမှုများကြောင့် ယခုနှစ်တွင် တင်ပို့ခွင့်ပြန်လည်ရရှိခဲ့ခြင်းဖြစ်သည်။ ရေထွက်ကုန်များတင်ပို့ရာတွင် လိုအပ်သော အရွယ်အစား၊ ပမာဏနှင့်အရည်အသွေးကိုက်ညီအောင်ပြုလုပ်ရန် ပြည်တွင်း မွေးမြူရေးလုပ်ငန်းရှင်များ အခက်အခဲများရှိကြောင်းသိရသည်။ အီးယူကိုမွေးမြူရေးငါးတင်ပို့နိုင်ဖို့ဆိုတာ တော်တော်လေးခက်တယ်။ အာရှမှာတောင် တင်ပို့ခွင့်ရတာတော်တော်လေးနည်းသေးတယ်။ ကျွန်တော်တို့နိုင်ငံက အခုဆိုရင် ပြည်ပပို့ကုန်ဈေးကွက်ပိုကျယ်လာပြီဖြစ်လို့ တကယ်တင်ပို့လာပြီဆိုရင် ပို့ကုန်တန်ဖိုးတွေ မြင့်တက်လာမယ်ဟု ဦးသက်နိုင်ကပြောသည်။

ယခင်က အီးယူနိုင်ငံများသို့ ရေထွက်ကုန်များ တင်ပို့ပါက သဘာဝအတိုင်း ဖမ်းယူရရှိသည်ဟု ခေါင်းစဉ်တပ်ကာ တင်ပို့ရသော်လည်း ၂၀၁၉ ခုနှစ်၊ မေလ ၁

ရက်မှစတင်ကာ မွေးမြူရေးရေထွက်ကုန်အမည်ဖြင့် တင်ပို့ခွင့်ရသောကြောင့်အခွင့် အရေးများစွာရရှိကြောင်းသိရသည်။ မြန်မာနိုင်ငံ၌ အအေးခန်းစက်ရုံပေါင်း ၁၂၀ ကျော်ရှိသည့်အနက် လတ်တလောတွင် မြန်မာနိုင်ငံရှိ အအေးခန်း စက်ရုံ ၂၃ ရုံမှာ သဘာဝကရရှိသည့် ငါး၊ ပုစွန်များကို အီးယူ ၂၈ နိုင်ငံရှိသည့်အနက် ၁၀ နိုင်ငံသို့ တင်ပို့လျက်ရှိပြီး အနည်းအကျဉ်းသာ တင်ပို့နိုင်သေးကြောင်း သဘာဝကရရှိသည့် ငါးနှင့်ပုစွန်အနက် ငါးကို အများဆုံးတင်ပို့နေပြီး တစ်နှစ်လျှင်တန်ချိန် ၁၀၀၀၀ ကျော်၊ တန်ဖိုးအားဖြင့် အမေရိကန် ဒေါ်လာသန်း ၂၀ ကျော်ရရှိ ကြောင်းသိရသည်။ ဥရောပသမဂ္ဂနိုင်ငံများသို့ မြန်မာနိုင်ငံကမွေးမြူထုတ်လုပ်လျက်ရှိသည့် ရေထွက်ကုန်များ တရားဝင် တင်ပို့ခွင့်ရရေး ငါးလုပ်ငန်းဦးစီးဌာနက လွန်ခဲ့သည့် ငါးနှစ်ကြာကာလက စတင်လုပ်ဆောင်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၈ ခုနှစ်မှသာ တရားဝင်တင်ပို့ခွင့်ကို ခွင့်ပြုပေးခဲ့ခြင်းဖြစ်သည်။ ပြည်တွင်းရေထွက်ကုန်များ တရားဝင်တင်ပို့ခွင့်ရရှိရေးအတွက် မွေးမြူသည့်ငါး၊ ပုစွန်နှင့်ကဏန်းပျော့အပါအဝင် မွေးမြူရေး လုပ်ငန်းတွင်အသုံးပြုနေသည့် ရေများကိုပါ နမူနာကောက်စစ်ဆေးမှုများ အကြိမ်ကြိမ်ပြုလုပ်ပြီးမှ တင်ပို့ခွင့်ပြုခဲ့ခြင်း ဖြစ်ကြောင်း၊ ပုံမှန်အားဖြင့်သဘာဝက ရရှိသည့်ရေထွက်ကုန်များကို အီးယူသို့တင်ပို့လျက်ရှိသော်လည်း မွေးမြူရေး လုပ်ငန်းကရရှိသည့် ရေထွက်ကုန်များမှာ ဓာတုဓာတ်ကြွင်းများပြားသည့်အတွက် တင်ပို့ခွင့်မရခဲ့ခြင်းဖြစ်ပြီး ယခု နောက်ပိုင်းမှသာ ခွင့်ပြုပေးခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

**Source:** www.thefarmermedia.com

## ဂျုံဈေးကွက် ပိုမိုတွင်ကျယ်လာစေရန် ကုန်ချောထုတ်လုပ်မှုများလိုအပ်

ဂျုံ စိုက်ပျိုးထုတ်လုပ်မှုဈေးကွက် ပိုမိုတွင်ကျယ်လာစေရန်အတွက် ကုန်ချောထုတ်လုပ်မှုများလိုအပ်ကြောင်း မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့်ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း အတွင်းရေးမှူး ဦးကျော်သူက ပြောသည်။ ဂျုံကတော့ စိုက်ပျိုးမှုတွေက လုံလောက်သလောက်ရှိနေပြီ။ စက်ရုံတွေအနေနဲ့လည်း ပေါ်ပေါက်ပြီး တိုးချဲ့တာတွေလည်း ရှိနေတယ်။ ဒီတော့ စိုက်တာထက်စာရင် အခြောက်ခံတာတွေ၊ ထုတ်လုပ်မှုအပိုင်းတွေက ပိုလိုလာတယ်။ ရေရှည်အတွက်ကတော့ ကုန်ချောထုတ်လုပ်နိုင်ဖို့လိုတယ်။ အခုရောင်းနေရတာက Semi-Processing အဆင့်ပဲ ရှိသေးတယ်ဟု ဦးကျော်သူကပြောသည်။ လက်ရှိ ကုန်ချောများအဖြစ် ဂျုံထုတ်ကုန်အခြေခံသည့် ခေါက်ဆွဲ၊ ဂျယ်လီ စသဖြင့် စားသောက်ကုန်များ ထုတ် လုပ်ရန် စက်ရုံများ၊ လုပ်ငန်းစဉ်များအတွက် အချိန်ယူရန်လိုအပ်ကြောင်း၊ လက်ရှိမှာလည်း တရုတ်နိုင်ငံမှ အများဆုံး ဝယ်ယူနေသော်လည်း ကုန်ကြမ်းအဖြစ်သာ တင်ပို့နေရသည့်အတွက် ကုန်ချော ထုတ်လုပ်နိုင်မှသာ ရေရှည်အဆင်ပြေနိုင်မည်ဖြစ်သည်။

အခုကတော့ အများဆုံး တရုတ်ဘက်ကိုပို့တယ်။ ဂျပန်၊ ကိုရီးယားဆီပို့ပြီး သိပ်အမြင့်သွားရင် အမေရိကတိုက် အလယ်ပိုင်းကိုပို့ရတယ်။ ဆေးပူးတွေလိုမျိုး ကပ်(ပ်)ဆူးဆေးတောင့်လေးတွေလုပ်ပြီး ရောင်းကြရတယ်။ အများဆုံးကတော့ တရုတ်ကိုသွားတာများတယ်။ အမှုန့်လုပ်တာကလည်း လုပ်နိုင်တဲ့သူသိပ်မရှိဘူးဟု ၎င်းကဆက်လက်ပြောသည်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ကုန်သွယ်မှုစာရင်းများအရ ဂျုံပြည်ပတင်ပို့ရောင်းချမှုမှာ တန်ချိန် ထောင်ဂဏန်းလောက်သာရှိပြီး၊ စာရင်းတွင်ပါဝင်မှုမရှိသေးသည့် တင်ပို့မှုများပါထည့်တွက်ပါက တန်ချိန်သုံး၊လေးသောင်း ခန့်ရှိနိုင်ကြောင်း မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့်ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများ အသင်းမှသိရသည်။

**Source:** https://www.facebook.com/amiamyanmar/posts/2382637731821709?__tn__=K-R

## ကမ္ဘာ့အကြီးဆုံး စီးပွားရေးအင်အားကြီး ၅ နိုင်ငံ စီးပွားရေးဆုတ်ယုတ်မှုနဲ့ ရင်ဆိုင်ရမယ့်အရေးစိုးရိမ်နေရ

လက်ရှိကမ္ဘာ့စီးပွားရေး အင်အားကြီးနိုင်ငံငါးခုကတော့ recession လို့ခေါ်တဲ့ စီးပွားရေးဆုတ်ယုတ်မှုနဲ့ ရင်ဆိုင် ရနိုင်တဲ့ အန္တရာယ်နဲ့ကြုံတွေ့နေရတယ်လို့သိရပါတယ်။ ဗြိတိန်စီးပွားရေးဆိုရင် ဒုတိယသုံးလပတ်အတွင်း ကျဆင်း သွားခဲ့သလို အီတလီ စီးပွားရေးဆိုရင်လည်း တိုးတက်မှုမရှိဘဲ ဖြစ်နေခဲ့ပါတယ်။ ဥရောပအင်အားကြီးနဲ့ ကမ္ဘာ့စတုတ္ထမြောက် အကြီးဆုံး စီးပွားရေးအင်အားကြီး ဂျာမနီဆိုရင်လည်း ပြီးခဲ့တဲ့သုံးလအတွင်း စီးပွားရေးကျဆင်းမှုနဲ့ ကြုံတွေ့ခဲ့ရပါတယ်။ နောက်ထပ် အင်အားကြီးနိုင်ငံ မက္ကဆီကိုဆိုရင်လည်း စီးပွားရေးဆုတ်ယုတ်မှုကို ရှောင်တိမ်းခဲ့ရသလို ယင်းရဲ့ စီးပွားရေးဆိုရင်လည်း ယခုနှစ်ထဲမှာ ဆက်လက်အားနည်းနေလျက်ရှိပါတယ်။

ဒေတာကိန်းဂဏန်းတွေအရ ဘရာဇီးဆိုရင်လည်း ဒုတိယသုံးလပတ်အတွင်း recession ထဲ ကျရောက်ခဲ့တယ်လို့ ဖော်ပြနေပါတယ်။ အဆိုပါ ဂျာမနီ၊ ဘရာဇီး၊ အီတလီ၊ ဗြိတိန်နဲ့ မက္ကဆီကိုတို့ကတော့ ကမ္ဘာ့အကြီးဆုံး စီးပွားရေးအင်အားကြီးနိုင်ငံ ၂၀ ထဲမှာ ပါဝင်ကြတဲ့နိုင်ငံတွေဖြစ်ပါတယ်။

**Source:**https://edition.cnn.com/.../recession-risk-economi.../index.html

SFJ Strategy First Journal

## ကုန်သွယ်ရေးဆိုင်ရာ တရုတ်နှင့်အမေရိကန်တာဝန်ရှိသူများ ဖုန်းဖြင့်ဆက်သွယ်ဆွေးနွေး

တရုတ်နိုင်ငံ၏ ဒုတိယဝန်ကြီးချုပ် လျူဟီသည် အမေရိကန်ပြည်ထောင်စုဘက်မှ မေတ္တာရပ်ခံချက်အရ အမေရိကန်ကုန်သွယ်ရေးကိုယ်စားလှယ် ရောဘတ်လိုက်သီဇာနှင့် ဘဏ္ဍာရေးဝန်ကြီး စတီဗင်မျူချင်တို့နှင့်အတူ ဩဂုတ် ၁၃ ရက် ညနေပိုင်းက တယ်လီဖုန်းဖြင့် ဆက်သွယ်ဆွေးနွေးခဲ့ကြသည်။ ဆက်သွယ်ဆွေးနွေးစဉ် တရုတ်သွင်းကုန်ပစ္စည်းများအပေါ် အမေရိကန် ပြည်ထောင်စုက အသစ်ချမှတ်သောစည်းကြပ်ခွန်နှင့်ပတ်သက်၍ အမေရိကန် ပြည်ထောင်စုကို တရုတ်က လေးလေးနက်နက် တင်ပြတောင်းဆိုခဲ့ကြောင်း သိရသည်။ အမေရိကန်က တရုတ်သွင်းကုန်ပစ္စည်းများအပေါ် အသစ်ချမှတ်သော စည်းကြပ်ခွန်သည် လာမည့် စက်တင်ဘာ ၁ ရက်မှစ၍ အကျုံးဝင်မည်ဖြစ်ကြောင်းသိရသည်။

ထို့အပြင် တရုတ်နှင့် အမေရိကန်ပြည်ထောင်စုသည် စီးပွားရေးနှင့်ကုန်သွယ်ရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ သီတင်း ပတ်နှစ်ပတ်အတွင်း ဆက်သွယ်ဆွေးနွေးမှု နောက်ထပ်ပြုလုပ်ရန် သဘောတူခဲ့ကြသည်။ အဆိုပါ ဆက်သွယ်ဆွေးနွေးမှုတွင် တရုတ်စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဇဟောင်ရှန်၊ တရုတ်ပြည်သူ့ဘဏ်ဥက္ကဋ္ဌ ယီဂန်နှင့် အမျိုးသားဖွံ့ဖြိုးရေးနှင့် ပြုပြင်ပြောင်းလဲရေးကော်မရှင်ဥက္ကဋ္ဌ နင်ဂျီဟဲတို့ လည်း ပါဝင်ခဲ့ကြသည်။

တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင် တစ်ဦးလည်း ဖြစ်သူ လျူဟီသည် တရုတ်နှင့် အမေရိကန်အကြား ပြည့်ဝစုံလင်သော စီးပွားရေးဆိုင်ရာဆွေးနွေးမှုတွင် တရုတ်ဘက်မှ ဆွေးနွေးမှုခေါင်း ဆောင်ဖြစ် ကြောင်း သိရသည်။

**Source:** https://www.facebook.com/TheMirrorDaily/

## ကန် အစုရှယ်ယာဈေး အနည်းငယ်ပြန်တက်



ဗုဒ္ဓဟူးနေ့က တစ်ရှိန်ထိုး ကျဆင်းသွားခဲ့တဲ့ အမေရိကန် စတော့ရှယ်ယာဈေးနှုန်းဟာ ကြာသပတေးနေ့မှာတော့ အသင့်အတင့်ပြန်လည် မြင့်တက်လာခဲ့ပါတယ်။ ကြာသပတေးနေ့ စတော့ ဈေးဖွင့်တဲ့အချိန်မှာ Standard and Poors က ၀.၂၅ ရာခိုင်နှုန်း ပြန်လည်မြင့်တက်ခဲ့ပြီး Dow Jones စတော့ ရှယ်ယာကတော့ ၀.၄၀ ရာခိုင်နှုန်း မြင့်တက်ခဲ့ပါတယ်။ NASDAD ကတော့ စတော့ဈေးနှုန်း အနည်းငယ်ကျဆင်းခဲ့ပါတယ်။ လေ့လာသူတွေက ကြာသပတေးနေ့မှာ လက်လီဈေးရောင်းဝယ်မှုမြင့်တက်ခဲ့တာဟာ စိတ်ပူပန်နေတဲ့ ရင်းနှီးမြှုပ်နှံသူတွေကို စိတ်အေးစေခဲ့တယ်လို့ဆိုပါတယ်။

စားသုံးသူတွေရဲ့ ဝယ်လိုအားဟာ အမေရိကန်နိုင်ငံ စီးပွားရေးအတွက် အားအကောင်းဆုံး မောင်းနှင်အား တစ်ခုဖြစ်ပါတယ်။ ပြီးခဲ့တဲ့လအတွင်းက လက်လီရောင်းဝယ်မှု ၀.၇ ရာခိုင်နှုန်းနဲ့ ခိုင်ခိုင်မာမာ မြင့်တက်ခဲ့ပါတယ်။ ကမ္ဘာ့အကြီးဆုံး လက်လီကုန်တိုက်ဖြစ်တဲ့ Walmart က ဒီနှစ်အတွင်း ရောင်းအားအကောင်းဆုံးလအဖြစ်ဖော်ပြခဲ့ပါတယ်။ အမေရိကန်နိုင်ငံအတွင်း အလုပ်လက်မဲ့နှုန်းနိမ့်ကျတာနဲ့ လုပ်ခလစာနှုန်းထား အသင့်အတင့်မြင့်တက်ခဲ့မှုက စားသုံးသူတွေရဲ့ယုံကြည်မှုကို ပြန်လည်ရရှိစေခဲ့ပါတယ်။

အမေရိကန်နဲ့ တရုတ်နိုင်ငံအကြား ကုန်သွယ်ရေးစစ်ပွဲအပေါ် စိုးရိမ်ပူပန်မှုတွေရှိနေတာကြောင့် စီးပွားရေးလုပ်ငန်းဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုနဲ့ စက်မှုထွက်ကုန် ကဏ္ဍတွေအပါအဝင် တစ်ခြားကဏ္ဍတွေမှာတော့ တိုးတက်မှုလျော့နည်း ကျဆင်းနေပါတယ်။ ဗြိတိန်နိုင်ငံမှာ စတော့ဈေးနှုန်း ၁ ရာခိုင်နှုန်းကျဆင်းခဲ့သလို ပြင်သစ်နဲ့ဂျာမနီနိုင်ငံတွေမှာ စတော့ဈေးနှုန်း ကျဆင်းမှု အနည်းငယ်ရှိခဲ့ပါတယ်။

**Source:** https://burmese.voanews.com/a/us-stock-market-recover-/5044511.html

## မြန်မာဝက် တင်ပို့မှု ရက် ၉၀ ကြာ ထိုင်းပိတ်ပင်မည်

မြန်မာနိုင်ငံကနေ ဝက်တင်ပို့မှုတွေကို သုံးလကြာ ပိတ်ထားမည်ဖြစ်ကြောင်း ထိုင်း မွေးမြူရေးလုပ်ငန်းဌာနက ရိုက်တာသတင်းဌာနကို ဩဂုတ် ၁၅ ရက်က ပြောကြားခဲ့သည်ဟု သိရသည်။ ယခုသီတင်းပတ်အတွင်း မြန်မာတွင် အာဖရိက ဝက်တုပ်ကွေး အပြင်းဖျားရောဂါ ဗိုင်းရပ်စ်ပိုး ပထမဆုံးတွေ့ရှိကြောင်း အတည်ပြုခဲ့ပြီးနောက် ယခုလို ထိုင်းဘက်က ပိတ်ပင်ခြင်းဖြစ်သည်။ လာမည့်အပတ်တွင် စတင်အသက်ဝင်မည်ဟု မျှော်လင့်ရသော ယင်းပိတ်ပင်မှုအောက်တွင် မြန်မာနိုင်ငံမှတင်ပို့မည့် ဝက်အရှင်၊ တောဝက်များနှင့် ဝက်အသေ၊ ဝက်ထွက်ပစ္စည်းတွေတို့ လွှမ်းခြုံပါဝင်မှဖြစ်ပြီး ဒါဟာ ထိုင်းဆီ ဗိုင်းရပ်စ်ပိုး မပြန့်နှံ့စေရန် ကာကွယ်ဖို့ရည်ရွယ်ကြောင်းသိရသည်။ ပြီးခဲ့သည့် ဇွန်လကလည်း အာဖရိက အပြင်းဖျား ဝက်တုပ်ကွေးကြောင့် လာအိုမှဝက်တင်သွင်းမှုများကိုပိတ်ပင်ကြောင်း အလားတူအတိုင်း ထိုင်းအာဏာပိုင်များ ထုတ်ပြန်ထားခဲ့သည်။

လက်ရှိအချိန်တွင်တော့ ထိုင်းနိုင်ငံတွင် အဆိုပါ အာဖရိက ဝက်တုပ်ကွေး ဗိုင်းရပ်စ်ပိုးကူးစက်မှု ဖြစ်စဉ်ဖြစ်ပွားခြင်း မရှိကြောင်း ထိုင်း မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးရေးဌာန ညွှန်ကြားရေးမှူးချုပ် Sorawit Thanito က ပြောသည်။ အလားတူ တရုတ်နိုင်ငံကလည်း အာဖရိကဝက်တုပ်ကွေး ကူးစက်ပြန့်နှံ့မှုကိုစိုးရိမ်မှုကြောင့် မြန်မာနိုင်ငံမှ ဝက်၊ တောဝက်နှင့် ဝက်နှင့်ဆက်စပ် ထုတ်ကုန်တွေ တင်သွင်းမှုကို ပိတ်ပင်ကြောင်း ထုတ်ပြန်ထားခဲ့သည်ဟုသိရသည်။

**Source:** http://www.mizzimaburmese.com/article/59711?fbclid=IwAR0bAHriOOohl6BWtO VA2WDdTET96McBIhX JlWnmAtQwNu6h_NLcVC_HzG8

## ရန်ကုန်ဈေးကွက်သို့ ဧရာဝတီတိုင်းဒေသကြီးထွက် ပေါ်ဆန်းဆန်အဝင်များပြီး ဈေးနှုန်းမြင့်တက်

ရန်ကုန် ဆန်စပါးကုန်စည်ဒိုင် (ဂါးတန်း) သို့ တစ်ပတ်လျှင် ဆန်အိတ်ရေ တစ်သိန်းကျော်ဝင်ရောက်ရာ ဧရာဝတီတိုင်းဒေသကြီးက ပေါ်ဆန်းမွှေးဆန်က အများဆုံးဖြစ်ကြောင်းသိရပါတယ်။ ဒါ့ပြင် ဈေးကွက်အတွင်း ပေါ်ဆန်းဆန် အမျိုးအစားအလိုက် တစ်အိတ်ကို ကျပ် (၃၀၀၀) မှ ကျပ် (၇၀၀၀) ကြား ဈေးနှုန်းမြင့်တက်နေကြောင်းသိရပါတယ်။ လက်ရှိ ရန်ကုန်ဆန်ဈေးကွက် ကို အများဆုံးဝင်ရောက်နေတဲ့ ဆန်အမျိုးအစားအလိုက် ဈေးနှုန်းများမှာ ရက် ၉၀ တစ်အိတ်ကို ကျပ် (၂၀၀၀၀) မှ ကျပ် (၂၁၅၀၀)၊ သီးထပ်ရှယ် တစ်အိတ်ကို ကျပ် (၂၀၀၀၀) မှ ကျပ် (၂၀၂၀၀)၊ ဧည့်မထ ဆန်အမျိုးအစားအလိုက် တစ်အိတ်ကို ကျပ် (၂၀၀၀၀) မှ ကျပ် (၂၀၂၀၀) ရှိပါတယ်။

ဒါ့ပြင် ဖျာပုံပေါ်ဆန်းဆန်သစ် တစ်အိတ်ကို အနိမ့်ဆုံးဈေး ကျပ် (၃၀၀၀၀) မှ ကျပ် (၃၅၀၀၀) ကြား၊ ဒေးဒရဲပေါ်ဆန်းဆန်သစ် တစ်အိတ်ကို ကျပ် (၃၂၀၀၀) မှ ကျပ် (၃၅၀၀၀) ကြား၊ မြောင်းမြ၊ ပုသိမ် တစ်အိတ်ကို ကျပ် (၃၂၀၀၀) မှ ကျပ် (၃၆၀၀၀) ကြား၊ ရွှေဘိုပေါ်ဆန်း ဆန်သစ်တစ်အိတ်ကို ကျပ် (၄၀၀၀၀) မှ ကျပ် (၄၃၀၀၀) ကြား၊ အဟောင်း တစ်အိတ်ကို ကျပ် (၄၂၀၀၀) မှ ကျပ် (၄၅၀၀၀၀ ကြား အသီးသီးရှိနေပါတယ်။

ဝါးတန်းကုန်စည်ဒိုင်ရှိ တာဝန်ရှိသူတစ်ဦးက ပြည်တွင်းမှာ ဆန်ချောစားသုံးမှုတိုးလာပြီး ထုတ်လုပ်မှုကလည်း ပုံမှန်အခြေအနေရှိတဲ့အတွက် ရွှေဘိုပေါ်ဆန်းဈေး မြင့်တက်တာဖြစ်တယ်။ မြန်မာနိုင်ငံမှာ ပေါ်ဆန်းအမျိုးအစား ဆန်ချောများက မိုးရာသီမှာ ဈေးမြင့်တက်လေ့ရှိပြီး မိုးနှောင်းပိုင်းရောက်ရင် ဈေးနှုန်းအမြင့်ဆုံးရောက်လေ့ရှိတယ်။ ရွှေဘိုပေါ်ဆန်းဆန်ဟာ ဈေးကွက်အတွင်းမှာ ဝယ်လိုအားများပြီးတော့ ရောင်းလိုအားနည်းနေတယ်။။ တစ်နိုင်ငံလုံးကလည်း စားသုံးကြတာနှစ်သက်တော့ဈေးတက်လာတာပေ့ါလို့ပြောပါတယ်။ ရန်ကုန်လူဦးရေ ခြောက်သန်းကျော်အတွက် နေ့စဉ်ဆန်အိတ် (၆၀၀၀၀) မှ (၇၀၀၀၀) အထိ လိုအပ်ကြောင်းသိရပါတယ်။ ရန်ကုန်ဆန်ဈေးကွက်မှာ ပြည်ပတင်ပို့နေတဲ့ တန်းဝင်ဆန်များဖြစ်တဲ့ ဧည့်မထနဲ့ ငစိန်အုပ်စုဝင်ဆန်များက လက်လီဈေးကွက်အတွင်း ဈေးနှုန်းအနည်းငယ်ပြောင်းလဲမှုများ ရှိလာနိုင်ပေမယ့်လည်း အဓိကဖြန့်ဖြူးရောင်းချပေးနေတဲ့ ဆန် လက်ကားဈေးကွက်မှာ ဈေးနှုန်းတည်ငြိမ်မှုရှိနေကြောင်း ဆန်ကုန်သည်များထံမှ သိရပါတယ်။

**Source: The Farmer Myanmar**

https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/2253-yangon-market-members-of-the-ayeyarwady-rice-price-rises.html

**EU grants €8 million to develop Myanmar trade**

The EU has pledged €8 million in funding to develop Myanmar trade. It supports initiatives within the ARISE Plus Myanmar program. The latter is designed to bring Myanmar businesses up to international standards. The International Trade Centre will partner with the World Trade Organisation. They plan to roll out the funding over the course of the next four years, according to a press re-lease. Goals for the new funding include supply chain development, forming sustainable trade policies, developing value-added export products and better job opportunities for the nation's poor, especially women.

Although international sanctions have been lifted in recent years, Myanmar has struggled to position itself in the export market. Agriculture accounts for almost 40% of the nation's GDP. Nevertheless, the majority of crops it grows do not meet standards for US or EU markets. Likewise, Myanmar exports very little value-added products, such as tinned food.

"We're very honoured to support Myanmar through the ARISE Plus Myanmar project to further diversify its trade and enhance its integration, regionally and internationally," said Johann Hesse, the EU delegation to Myanmar's head of cooperation. "The EU remains committed to assisting Myanmar in achieving these important objectives."

**Belgian company first to cut ties with Mytel**

A Belgian satellite communications provider has become the first company to cut ties with a Myanmar partner, reported VOA News. The activity occurred after following the UN's call for a boycott of military-affiliated businesses. The firm, Newtech, announced that it would officially cease all activities with Mytel, a company partially owned by the military.

The UN Fact-Finding Mission report demands to sever all ties to businesses tied to military officers. The full economic impact of the UN statement remains to be seen, but Newtech's announcement is a blow against one of Myanmar's most important industries, as it strives to extend cellular coverage to 95% of its population. Last year, Mytel became the country's fourth licensed cellular carrier, assisted by a Newtech mobile back-haul network.

Although the Myanmar government has "categorically rejected" the UN's claims, Newtech remains unconvinced. "We will never knowingly sell to any organization or company linked to the [military's] campaign of violence… and the atrocities committed against the Rohingya," the company said in a statement.

**Myanmar's first 5 G service tested by Mytel**

Myanmar telco Mytel recently tested what could become Myanmar's first 5G cellular service. Last year, Mytel launched as Myanmar's fourth licensed carrier. It recently conducted the 5G tests on its 3.5GHz band, according to Mobile World Live. Mytel claimed the trials reached peak download speeds of 1.6gb/s.

Recently Mytel suffered a setback. One of its major satellite service providers, Belgian company Newtech, ended its relationship with the carrier due to its military ties. Nevertheless, another Mytel partner

Communications & Com-merce, claimed that the incident would not seriously affect Mytel. Nor would it impact Myanmar's 15 million SIM card holders.

Indeed, the tests are a sign that Myanmar's telecom infrastructure is finally catching up to the rest of the region. The country's former military regime strongly resisted the integration of information technology in the country. For decades, Myanmar was regarded as an internet dead zone. Though in recent years the government has poured tremendous resources into telecom infrastructure. It aims at to connecting 95% of its population by the end of 2019.

**A new industrial park proposed near Yangon**

A major Myanmar conglomerate has proposed a new industrial park to be developed outside Yangon. This is the latest of 11 proposed industrial centres designed to attract foreign investment. According to The Myanmar Times, the Tah Moe Hnye Group Investment and Development Co. Ltd., along with an unnamed Chinese partner, proposed the industrial park in Thanlyin township in south of Yangon. The site would host mainly garment and furniture factories. If approved, the site would be the latest in a series of new industrial parks proposed by the Yangon regional government at the last year's Yangon Investment Forum 2018. According to the report, the regional parliament officially approved two sites last month. One, a 1000-acre site in Htantabin Township, will require a USD 500 million investment.

Thanlyin has seen a string of new developments in recent years, including the ambitious Star City luxury housing development. The estate is marketed to foreign residents and the high-end business community.

**Source: Thura Swiss News (Issue 378 Aug 15, 2019)**

## STOCK EXCHANGE (16.8.2019)

YANGON STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 16th Aug. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 12,000 | +0 | +0.00% | 12,000 | 12,000 | 11,500 | 5,624 | 67,448,500 | 27,112,747 | 325,353 |
| MTSH | 00002 | 3,950 | -150 | -3.66% | 4,200 | 4,400 | 3,950 | 36,922 | 157,627,400 | 38,929,150 | 153,770 |
| MCB | 00003 | 8,400 | +0 | +0.00% | 8,400 | 8,400 | 8,400 | 2 | 16,800 | 10,400,986 | 87,368 |
| FPB | 00004 | 26,000 | -500 | -1.89% | 26,000 | 26,500 | 26,000 | 475 | 12,380,500 | 2,472,053 | 64,273 |
| TMH | 00005 | 3,100 | +50 | +1.64% | 3,050 | 3,100 | 3,050 | 1,516 | 4,628,900 | 12,823,224 | 39,752 |

As of 16th Aug. 2019

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 489.67 | -4.70 | -0.95% | 496.31 | 502.90 | 489.67 | 44,539 | 242,102,100 | 5 | 670,516 |

### Index chart




# Market Overview

As of 1:00 pm, 16th Aug. 2019

| MYANPIX | 489.67 ▼ 4.70 |
|---|---|
| Total Volume (shares) | 44,539 |
| Total Value (MMK) | 242 mil |
| Listed Company | 5 |
| Market Cap. (MMK) | 670,516 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 12,000 | ▲ 0 |
| MTSH | 00002 | 3,950 | ▼ 150 |
| MCB | 00003 | 8,400 | ▲ 0 |
| FPB | 00004 | 26,000 | ▼ 500 |
| TMH | 00005 | 3,100 | ▲ 50 |